

# A PHONE CALL FROM DALIAN

HAN DONG

# တာ့လျန်ကလာတဲ့ဖုန်း

ဘာသာပြန် - ဇေယျာလင်း

Han Dong ကို ၁၇၊ မေ၊ ၁၉၆၁ နန်ကျင်းမြို့မှာ မွေးဖွားခဲ့ပေမဲ့ သူ့က လေးဘဝဟာ ယဉ်ကျေးမှုတော်လှန်ရေးတုန်းက ကျေးလက်ဆီနယ်နှင် ခံလိုက်ရတဲ့ မိဘနဲ့ အတူ ဆင်းရဲကြပ်တည်းတဲ့ တောမှာ ပဲ ကုန်လွန်ခဲ့ပါ တယ်။ ယဉ်ကျေးမှုတော်လှန်ရေးကြီးပြီးဆုံးသွားတော့ သူဟာ Shandon g တက္ကသိုလ်မှာ ဒဿနိကဗေဒသင်ယူပြီး ၁၉၈၂ မှာ ဘွဲ့ ရခဲ့ပါတယ်။ ဆီအန်းနဲ့ နန်ကျင်းတက္ကသိုလ်မှာ Marxism Leninism ပို့ချခဲ့ပြီး ၁၉၉၃ မှာ အချိန်ပြည့်စာရေးဆရာလုပ်ဖို့ တက္ကသိုလ်ဆရာဘဝကို ပြီးဆုံးလိုက် ပါတယ်။

၁၉၈၀ မှာ စာပေလောကထဲဝင်ရောက်ခဲ့ပြီး ၁၉၉၀ ခုနှစ်တွေ ကတ ည်းက တရုတ်စာပေလောကရဲ့ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါတယ်။ တရုတ်အာဗွန့်ဂေါ့ဒ် ကဗျာဆရာတွေထဲက ထင်ရှားသူ တစ်ဦးဖြစ်ပါတ ယ်။ အက်ဆေးဆရာ၊ ဝတ္ထုတိုဆရာ၊ ဝတ္ထုရှည်ဆရာနဲ့ ဘလော့ဂါအဖြစ် လည်း လူသိများ ပါတယ်။

ဆီအန်မှာ နေစဉ်တုန်းက သူ့ကိုယ်ပိုင်ကဗျာဂျာနယ် (Old Home) ကို မြေအောက်ပဲ ထုတ်ဝေခဲ့ပါတယ်။ ၁၉၈၄ မှာ နန်ကျင်းပြန်ရောက်ပြီး Th em ကဗျာဂျာနယ်ကို တည်းဖြတ်ခဲ့ပါတယ်။ ၁၉၈၉ မှာ ဒီဂျာနယ်က ထွ က်သွားပြီး ၁၉၉၃ မှာ ပြန်လည်လုပ်ကိုင်ခဲ့တာ ၁၉၉၅ အထိ ဖြစ်ပါတ ယ်။ ၁၉၉၈ မှာ တရားဝင်မဟုတ်တဲ့ Them ကဗျာပေါင်းချုပ်ကို ထုတ်ဝေ ခဲ့ပါတယ်။

၁၉၈၉ ခုနှစ်က အင်တာဗျူးတစ်ခုမှာ ဟန်တောင်ဟာ သူကဗျာရေး

တာဘယ်သူ့အတွက်မှ မဟုတ်၊ သူ့အတွက်တောင် မဟုတ်ဘူး လို့ ပြောဆို ခဲ့ပါတယ်။ သူဟာ ကဗျာဆရာကို အုတ်ကျွတ်မိုးသူနဲ့ နှိုင်းယှဉ်ပြပါတယ်။"ကျွန်တော်ကဗျာရေးတာဟာ ကဗျာရဲ့ ဖွဲ့စည်းတည်ဆောက်မှုအတွက် ရေး တာပဲဖြစ်ပါတယ်။ အုတ်ကျွတ်မိုးသူဟာ သူမိုးတဲ့ အိမ်မှာ ဘယ်သူ နေနေ သူစိတ်မဝင်စားဘဲ သူ့အလုပ်ဖြစ်တဲ့ အုတ်ကျွတ်မိုးခြင်းကို ပြုလုပ်တာပဲ ဖြစ်ပါတယ်။ အိမ်တစ်လုံးရဲ့ အင်္ဂါရပ်တွေပြည့်စုံဖို့ လုပ်တာပဲ ဖြစ်ပါတယ်။ ကဗျာဟာ ကဗျာအလုပ်ကလွဲလို့ အခြားဘယ်အရာရဲ့ ပြဿနာနှင့်ခံလုံးဝမဟုတ်ပါဘူး။ ကဗျာရဲ့ အမြင့်မားဆုံး ရည် ရွယ်ချက်ဟာ ဘာရည်ရွယ်ချက်မှ မထားရှိဖို့ ပဲ ဖြစ်ပါတယ်"။

## သစ်ပင်စိမ်း၊ သစ်သီးနီ

ငါမရှိခင်က သစ်ပင်စိမ်းရှိခဲ့တယ်
ပြီး အဲဒါကို ငါဖြတ်ကျော်သွားခဲ့တယ်
သစ်ပင်စိမ်းရှေ့မှာ နောက်ထပ် သစ်ပင်စိမ်းတွေ
သစ်ကိုင်းခွကြားတွေမှာ နေလုံးကြီး
နေလုံးကြီးကို ငါကြည့်ခဲ့တယ် အဲဒီတုန်းက
သစ်သီးနီရဲ့ကြီးတစ်လုံးလိုပဲ

အဲသလိုနဲ့ ပန်းခြံတစ်ခုလုံးဟာ ဥယျာဉ်ဖြစ်ခဲ့တယ်
ပျာယာခတ်တဲ့ ခြေလှမ်းတွေ ရောက်လာခဲ့ကြတယ်
စကားသံတွေတစီစီဟာ ဘဝကို အချေအတင်ပြောကြတယ်
လူတွေရဲ့ အရိပ်တွေ ဝိုင်းဖွဲ့ မှက်တွေလို အုံလို့
သောကြာကြယ်ဟာ ကြီးမားပြီး အေးမြတဲ့ မျက်ရည်ပေါက်
အဲဒီမှာ ငါရှိနေသေးတယ်
သစ်သီးနီ မရှိတော့ဘူး
သစ်ပင်စိမ်းတွေဟာ မကြည်လင်တောက်တော့

(၂၀၀၈)

Green Tree, Red Fruit

# ကျောက်တုံးအဓိကရုဏ်းထဲက
# တစ်ယောက်ယောက်

ကျောက်တုံးအဓိကရုဏ်းထဲက တစ်ယောက်ယောက်။ အဲသလို

တစ်ယောက်ယောက်၊ အဲသလို ကျောက်တုံးအဓိကရုဏ်း

တွားသွားသူ၊ မြေကြီးကို ဖက်လို့

ဖြည်းဖြည်းချင်းရွေ့လျား၊ လှုပ်တောင်မလှုပ်တဲ့ ဖွတ်

ပြေးခုန်ပစ်အားကစားသမား၊ အဓိကရုဏ်းကျောက်တုံးတွေကြား

ခုန်ပျံကျော်လွှား၊ ဒါမှ မဟုတ် ကျောက်တုံးတွေပေါ်ကျတဲ့ ကျောက်တုံး

ခြံဝင်းတစ်ခုရဲ့ ခြေရင်းက တစ်ယောက်ယောက် မဟုတ်ဘူး

သပ်သပ်ရပ်ရပ်ဆောက်ထားတဲ့ အုတ်နံရံရှေ့က တစ်ယောက်ယောက်

ငါတို့ စိုက်ကြည့်နေကြတဲ့ အချိန်မှာ အဲဒီမှာ ချက်ချင်းရပ်လို့
ကျောက်တုံးတစ်တုံးရဲ့ နွေးထွေးမှုကို နောက်တစ်တုံးဆီသို့

သူ့သဏ္ဌာန်ဟာ ကျောက်တုံးခြောက်လုံး ထပ်နေပုံ
အခု၊ မိုးရေမွှတ်သိပ်သလို၊ တွားသွားထွက်လာတယ်
ရေးဆွဲထားတဲ့ ပုံပေါ်ကို

(၁၉၈၈)

Someone in a Riot of Stones